**အသိပေးကြေညာခြင်း**

၁။ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၇/၂၀၂၄)အရ အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းခွင့်ပြုထားသည့် ကုန်စည်အုပ်စု(၅)မျိုးနှင့်စပ်လျဉ်း၍ အကျုံးဝင်သည့် HS Code 10 Digit ကုန်စည်လိုင်း (၆၈၅)လိုင်းနှင့် CMP စနစ်ဖြင့်တင်သွင်းသည့် ကုန်ကြမ်းပစ္စည်း ၊ စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား ၃၀-၁၁-၂၀၂၄ ရက်နေ့တွင် ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပြန်ခဲ့ပါသည်။

၂။ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၂/၂၀၂၄)ဖြင့် ထုတ်ပြန်ထားသည့် ကုန်ပစ္စည်းအုပ်စုများ(HS Code)အား အကောက်ခွန်ကုန်လှောင်ရုံအတွင်း သိုလှောင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားမှုကို ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိသာ ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၃။ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၇/၂၀၂၄)တွင် ဖော်ပြထားသည့် ကုန်စည်အုပ်စု(၅)မျိုးအနက် ကုန်စည်အုပ်စု(၄)မျိုး၊ HS Code 10 Digit ကုန်စည်လိုင်း (၆၈၅)လိုင်းအား အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းသိုလှောင်ခွင့်ပြုရန် လျှောက်ထားလာပါက ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍လည်းကောင်း၊ CMP စနစ်ဖြင့် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်း ၊ စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းသိုလှောင်ခွင့်ပြုရန် လျှောက်ထားလာပါက ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်၍လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ သတ်မှတ်ချက်အထက် တန်ဖိုးမြင့် လျှပ်စစ်သုံးလူစီးယာဉ်များအား အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည်သွင်းခွင့်ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိသာ ခွင့်ပြုမည်ဖြစ်ပြီး ကျန် Taxi ၊ အများသုံးယာဉ်နှင့် လုပ်ငန်းသုံးယာဉ်များကို ယခင်အတိုင်း ဆက်လက်ထည့်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**